

# အိမ်ဖော်အလုပ်သမားများအား ကာကွယ်စောင့်ရှောက်သည့် ဥပဒေ

## The Domestic Worker Law

"အလုပ်သမား အခွင့်အရေး နှင့် အလုပ်ရှင် တာဝန်ဝတ္တရား များဆိုင်ရာ ဥပဒေကို ၁၉၉၈ (၂၅၄၁) တွင် အတည်ပြုသည့် အလုပ်သမားဥပဒေတွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်။"

- အိမ်ဖော် အလုပ်သမားများသည် ရက်သတ္တတစ်ပတ်လျှင် ၁ ရက် အနားယူခွင့်ရှိသည်။
- အိမ်ဖော် အလုပ်သမားများသည် လုပ်သက်တစ်နှစ်ကျော်လျှင် အလုပ်ဆင်းရက်အတွင်း ၆ ရက်တိတိ အနားယူခွင့်ရှိသည်။
- အလုပ်ရှင်ကအသက် ၁၈ နှစ်အောက်ကလေးငယ်အား ငှားရမ်းခြင်း ၊ အလုပ်ခိုင်းစေခြင်းမပြုရ။ လုပ်အားခ (လစာ)ကိုလည်း သက်ဆိုင်ရာ အလုပ်သမားထံကို သာပေးရမည်။ (အခြားသူထံမှတဆင့် ပေးဆောင်ခြင်း မပြုရ။)
- အလုပ်သမားက တစ်နှစ်လျှင် ဖျားနာခြင်းစသည့် ကျန်းမာရေး ဆေးကုသခွင့် လစာအပြည့်ဖြင့် ရက် ၃၀ တိတိ ယူခွင့်ရှိသည်။



- နေမကောင်း မကျန်းမမာဖြစ်လျှင် အလုပ်သမားက ခွင့်ယူပိုင်ခွင့်ရှိသည်။ သို့သော် ၃ ရက်ထက် ကျော်လွန်လျှင် အလုပ်ရှင်က ဆရာဝန် ထောက်ခံချက်ဆေးစာ တောင်းခံခွင့်ရှိသည်။
- ရက်သတ္တပတ်၏ အလုပ်နားရက်ဖြစ်စေ ၊ ပုံမှန်ပြည်သူအလုပ်နားရက် / အစိုးရရုံးပိတ်ရက်များတွင်ဖြစ်စေ၊ နှစ်စဉ်အလုပ်နားနေခွင့်ဖြစ်စေ အလုပ်သမားက အလုပ်ဆင်းရလျှင် အလုပ်ရှင်က လုပ်အားခ (လစာ) ပေးဆောင်ရမည်။
- အလုပ်ရှင်က တစ်နှစ်လျှင် အနည်းဆုံး အားလပ်ရက် ၁၃ ရက် ပေးရမည်။ ဥပမာ – ထုံးတမ်းစဉ်လာ ရက်ကြီးခါကြီးနေ့များ ၊ ကမ္ဘာ့အလုပ်သမားနေ့ နှင့် ယင်းနေ့များသည် ရက်သတ္တပတ်၏ အလုပ်နားရက် (စနေ ၊ တနင်္ဂနွေ) နေ့ဖြစ်လျှင် သာမန်အလုပ်ဆင်းသည့်နေ့များဖြင့် အစားထိုးခွင့်ယူနိုင်သည်။
- အိမ်ဖော်အလုပ်သမားများအား ကာကွယ်စောင့်ရှောက်သည့် ဥပဒေ ဆိုသည်မှာ ၁၉၉၈ (၂၅၄၁) ခုနှစ်တွင် ပါဝင်ပြဋ္ဌာန်းထားသော်လည်း လက်တွေ့ကျကျ အသုံးမပြုခဲ့ပါ။ သို့သော် စက်တင်ဘာလ ၁၁ ၊ ၂၀၁၂ မှ စတင်အသက်ဝင်လာပြီး အိမ်ဖော်အလုပ်သမားများပါ အကျုံးဝင်သည်။



MAP FOUNDATION
9/34 Moo 1 Ing Doi Village T.Chang Phueak, A.Chiang Mai 50300 ✆ 053 328 134
www. mapfoundationcm.org
1/5 Ameena Uthit Road. Mae Sot, Tak, 63110 ✆ 055 536 685
@MICMAPSHAN / @mapradiocmms